For more information, contact:
Mollie Lastovica
713-513-9524
mollie.lastovica@fleishman.com

# ၂၀၁၄ ခုနှစ်တွင် ဇီဝနည်းပညာသုံးသီးနှံစိုက်ပျိုးမှု ဆက်လက်တိုးတက်လျှက်ရှိ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဟက်တာ (၆) သန်း တိုးတက်စိုက်ပျိုး

ခရမ်းသီးနှင့် အာလူးတို့ကို စိုက်ပျိုးရန်ခွင့်ပြုပေးခဲ့ခြင်းက စားသုံးသူများ၏ စိုးရိမ်မှုကို ဖြေရှင်းပေး

ဘေဂျင်း (ရက်စွဲ...)- ၂၀၁၄ ခုနှစ်တွင် ဇီဝနည်းပညာသုံးသီးနှံများကို တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဟက်တာ (၁၈၁.၅)သန်းအထိ စံချိန်တင်စိုက်ပျိုးခဲ့ပြီး ၂၀၁၃ခုနှစ်ထက် ဟက်တာ (၆) သန်းကျော် ပိုမိုစိုက်ပျိုးခဲ့ကြောင်း ISAAA က ယနေ့ထုတ်ပြန်သော အစီရင်ခံစာအရ သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက နောက်ထပ် စိုက်ပျိုးလာမှုနှင့်အတူ ယမန်နှစ်အတွင်း ဇီဝနည်းပညာသုံးသီးနှံကို နိုင်ငံပေါင်း (၂၈) နိုင်ငံက စိုက်ပျိုးခဲ့ကြသည်။ ဇီဝနည်းပညာသုံးသီးနှံ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံ (၂၀)နှင့် စက်မှုနိုင်ငံ (၈)နိုင်ငံသည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၆၀% ကျော်ကို ကိုယ်စားပြုသည်။

"၁၉၉၆ခုနှစ်ကနေပြီး ၂၀၁၄ ခုနှစ်အတွင်း စိုက်ပျိုးခဲ့တဲ့ ဇီဝနည်းပညာသုံးသီးနှံ စုစုပေါင်း စိုက်ပျိုးဟက်တာက အကြမ်းအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စုစုပေါင်းမြေဧရိယာရဲ့ ၈၀% ကျော်ရှိပါတယ်" ဟု ISAAA တည်ထောင်သူနှင့် အစီရင်ခံစာရေးသားသူ Clive James ကဆိုသည်။ " ဇီဝနည်းပညာသုံးသီးနှံ ကို စတင်စိုက်ပျိုးကတည်းကဆိုရင် တစ်ကမ္ဘာလုံး စုစုပေါင်း စိုက်ပျိုးမှု ဧရိယာဟာ အဆပေါင်း (၁၀၀) ကျော် တိုးတက်လာပါတယ်"။

၁၉၉၆ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝှမ်းတွင် အစားအစာနှင့် အမျှင်ထွက် ဇီဝနည်းပညာသုံးသီးနှံ(၁၀) မျိုးကျော်ကို ခွင့်ပြုချက်ပေးခဲ့ပြီး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခဲ့ကြပြီးဖြစ်သည်။ ယင်းသီးနှံများတွင် အဓိက ထုတ်ကုန်များ ဖြစ်သော ပြောင်း၊ ပဲပုပ်နှင့်ဂါအပါအဝင် သဘော်၊ ခရမ်းသီးနှင့် မကြာသေးမီက နောက်ဆုံးခွင့်ပြု ပေးခဲ့သော အာလူးကဲ့သို့သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များလည်းပါဝင်သည်။ ယင်းသီးနှံများ၏ ထူးခြားချက်များမှာ သီးနှံကိုထိခိုက်စေသည့် မကြာခဏကြုံတွေ့ရသော ပြဿနာရပ်များကို ဖြေရှင်းပေးပြီး စားသုံးသူများကို အကျိုးပြုခဲ့သည်။ ရေငတ်ဒဏ်ခံနိုင်ခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း၊ ပေါင်းသတ်ဆေး ဒဏ်ခံနိုင်ခြင်း၊ အာဟာရနှင့် စားသုံးမှုအရည်အသွေးကို မြှင့်တင်ပေးခြင်း စသည့်ထူးခြားသည့် လက္ခဏာရပ် များကြောင့် တောင်သူများအတွက်လည်း အထွက်နှုန်းများကို တိုးတက်လာစေခဲ့သည်။ ဇီဝနည်းပညာသုံး သီးနှံများသည် ရေရှည်တည်တံ့ဖြစ်ထွန်းသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်ကို အထောက်အကူဖြစ်စေပြီး ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကိုလည်း တုံ့ပြန်ဖြေရှင်းပေးနိုင်စွမ်းရှိသည်။

အစီရင်ခံစာအရ အမေရိကန်ပြည်ထောင်စုသည် စိုက်ပျိုးဧရိယာ ဟက်တာ (၇၃.၁) သန်းဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထုတ်လုပ်လျှက်ရှိသည်။ ၂၀၁၃ ခုနှစ်ထက် ၄% ထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီး ဟက်တာ (၃) သန်းအထိ တိုးတက်စိုက်ပျိုးခဲ့သဖြင့် လွန်ခဲ့သည့် (၅) နှစ်တာကာလအတွင်း နှစ်စဉ်တိုးတက်စိုက်ပျိုးမှုတွင်

အမြင့်ဆုံးစံချိန်တင်ထားခဲ့သော ဘရာဇီးကို ကျော်ဖြတ်ကာ နှစ်အလိုက် တိုးတက်စိုက်ပျိုးမှုတွင် အမြင့်မားဆုံးစံချိန်ကို တင်ခဲ့သည်။

ကမ္ဘာတစ်ဝှမ်းရှိ ထိခိုက်ဆုံးရှုံးနိုင်မှုကို မလိုလားသည့် အရင်းအမြစ်ဆင်းရဲသော တောင်သူငယ်များ၏ ဝင်ငွေကို မြှင့်တင်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် ဝတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေး အပါအဝင် ဇီဝနည်းပညာ၏ အဓိက အကျိုးကျေးဇူးများကိုလည်း အစီရင်ခံစာက မီးမောင်းထိုးပြခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကာလအတွက် နောက်ဆုံးရရှိသော သတင်းအချက်အလက်များအရ ဇီဝနည်းပညာသုံးသီးနှံများက ထုတ်လုပ်မှုကို တိုးတက်မြင့်မားစေခဲ့ပြီး တန်းဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၃ ဘီလီယံအထိရှိသည်။ ၁၉၉၆ ခုနှစ်မှ ၂၀၁၂ခုနှစ်အတွင်း ပိုးသတ်ဆေးအသုံးပြုမှုမှာ သိသိသာသာ လျော့ကျသွားခဲ့ပြီး အစွမ်းထက် အာနိသင်ဓာတ် ကီလိုဂရမ် (၅၀၀) သန်း နီးပါးမျှ ချွေတာနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ် တစ်နှစ်တည်းတွင်ပင် ဇီဝနည်းပညာသုံးသီးနံစိုက်ပျိုးမှုက ကားအစီးရေ (၁၂.၄)သန်းကို တစ်နှစ်တာ ရပ်နားထားခြင်းနှင့်ညီမျှသည့် ကာဗွန်ဒိုက်အောက်ဆိုက် ထုတ်လွှတ်မှုကို လျော့ကျစေခဲ့သည်။

ယင်းတွေ့ရှိချက်များမှာ ဂျာမန်စီးပွားရေးပညာရှင်များဖြစ်သည့် Klumper နှင့် Qain (၂၀၁၄) တို့လုပ်ဆောင်ခဲ့သည့် အဆင့်မြင့်စိစစ်သုံးသပ်လေ့လာချက်နှင့်လည်း ကိုက်ညီလျှက်ရှိသည်။ ယင်းလေ့လာချက်က ၁၉၉၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လွန်ခဲ့သည့် အနှစ် (၂၀) တာကာလအတွင်း မျိုးဗီဇပြုပြင်သော နည်းပညာက ပျမ်းမျှအားဖြင့် ဓာတုပိုးသတ်ဆေးသုံးစွဲမှုကို ၃၇% လျှော့ချခဲ့ပြီး သီးနံအထွက်နှုန်းကို ၂၂% တိုးတက်စေကာ တောင်သူများ၏ အကျိုးအမြတ်ကို ၆၈% တိုးမြှင့်ပေးခဲ့သည်ဟု ကောက်ချက်ချခဲ့သည်။

**ဘင်္ဂလားဒေ့ရှ်- အောင်မြင်မှုအတွက် စံနမူနာ**

ကမ္ဘာ့အသေးငယ်ဆုံးနှင့် အဆင်းရဲဆုံးနိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ဘီတီခရမ်းသီးကို စိုက်ပျိုးခွင့်ပေးခဲ့သည်။ ခွင့်ပြုချက်ကျပြီး နောက် ရက်ပေါင်း (၁၀၀) မပြည့်မီမှာပင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် စီးပွားဖြစ်စိုက်ပျိုးခြင်းကို စတင်ခဲ့ပြီး တောင်သူ (၁၂၀) ဦးက စိုက်ပျိုးဧရိယာ ဟက်တာ (၁၂) သန်းကို တစ်နှစ်ပတ်လုံးစိုက်ပျိုးခဲ့သည်။ဘီတီခရမ်းသည် နိုင်ငံအတွင်းရှိ ဆင်းရဲနွမ်းပါးသူတောင်သူများအတွက် ငွေကြေးအကျိုးအမြတ်အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးရုံသာမက ရိက္ခာသီးနံများတွင် ပိုးသတ်ဆေးအသုံးပြုမှုကို ၇၀-၉၀%အထိ သိသိသာသာ လျော့ချပေးနိုင်ခဲ့သည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဘီတီခရမ်းသီးကို အချိန်မီခွင့်ပြုပေးခဲ့ပြီး စီးပွားဖြစ် စိုက်ပျိုးနိုင်ခဲ့ခြင်းက နိုင်ငံရေးခံယူချက်စွမ်းအားနဲ့ အစိုးရရဲ့ ထောက်ပံ့မှုကို ညွှန်ပြနေပါတယ် " ဟု James က ဆိုသည်။ "ဇီဝနည်းပညာသုံးသီးနံများရဲ့ အကျိုးကျေးဇူးတွေကို အလျှင်အမြန်ဆောင်ကြဉ်းပေးရာမှာ အခြား သေးငယ်ပြီး ဆင်းရဲတဲ့ နိုင်ငံတွေအတွက် အောင်မြင်မှုရဲ့ ပြယုဂ်အဖြစ် ဒီဖြစ်ရပ်က အခြေခံအုတ်မြစ်ချပေးခဲ့ပါတယ်။"

၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဘင်္ဂလားဒေ့ရှ် ဖြစ်ရပ်မှာ အစိုးရနှင့်ပုဂ္ဂလိကတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်မှု၏ တန်ဖိုးနှင့်အောင်မြင်မှုကို ထပ်လောင်း အတည်ပြုပေးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်

အာဟာရအပြည့်ဝဆုံးနှင့် အရေးပါဆုံး ဟင်းသီးဟင်းရွက်တစ်ခုဖြစ်သော ဇီဝနည်းပညာသုံး ဘီတီခရမ်းသီးကို အိန္ဒိယနိုင်ငံ ကုမ္ပဏီတစ်ခုဖြစ်သော Mahyco က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"အစိုးရနှင့်ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုက သဘောတူခွင့်ပြုထားတဲ့ ဇီဝနည်းပညာသုံးသီးနှံတွေကို စိုက်ခင်းတွေအထိ အချိန်မီပို့ဆောင်ပေးနိုင်မှုရဲ့ အကျိုးကျေးဇူးတွေကို ဆက်လက် တိုးပွားစေပါတယ်" ဟု James ကဆိုသည်။ "ဒါတွေက နောက်လာမဲ့နှစ်တွေမှာလည်း မရှိမဖြစ်ဆက်လက်တည်ရှိနေဦးမှာပါ။"

အာဖရိကတိုက်အတွက် ရေငတ်ဒဏ်ခံနိုင်သော ဇီဝနည်းပညာသုံးပြောင်း (WEMA) စီမံကိန်းသည်လည်း အစိုးရနှင့်ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုအတွက် စံနမူနာတစ်ရပ်ပင်ဖြစ်သည်။ ၂၀၁၇ ခုနှစ်မှစတင်၍ ဆင်းရဲနွမ်းပါးသော အာဖရိကတိုက်သား သန်း (၃၀၀) မှ မှီခိုအားထားနေရသော အဓိက အစားအစာတစ်ခု ဖြစ်သည့် ပထမဦးဆုံး ဇီဝနည်းပညာသုံး ရေငတ်ဒဏ်ခံနိုင်သောပြောင်းကို ရွေးချယ်ထားသည့် အချို့သော အာဖရိကနိုင်ငံများမှ လက်ခံရရှိနိုင်ရန် စီစဉ်ထားသည်။ ယင်းသို့လှူဒါန်းမည့် ဇီဝနည်းပညာသုံးသီးနှံမှာ အမေရိကန်တွင် ၂၀၁၃ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၅.၅ ဆမျှ တိုးချဲ့စိုက်ပျိုးခဲ့သော Drough Gard နှင့် တူညီသည်။ ယခုဖြစ်ရပ်က ဇီဝနည်းပညာသုံးရေငတ်ဒဏ်ခံပြောင်းအပေါ် တောင်သူများ၏ ထက်ထက်သန်သန် လက်ခံလာမှုကို ဖော်ညွှန်းလျှက်ရှိသည်။

**ခွင့်ပြုချက်အသစ်များက စားသုံးသူများ၏ စိုးရိမ်မှုကို ဖြေရှင်းပေး**

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ၌ အမေရိကန်ပြည်ထောင်စုတွင် ဇီဝနည်းပညာသုံးအာလူးကို စိုက်ပျိုးခွင့်ပေးခဲ့သည်။ ယင်းအာလူးမျိုးသည် အပူချိန်မြင့်မားစွာ ချက်ပြုတ်လိုက်သည့်အခါ ကင်ဆာကို ဖြစ်စေနိုင်သော ဓာတ်တစ်မျိုး ဖြစ်သည့် Acrylamide ထုတ်လုပ်မှုကို လျော့ကျစေသည်။ ထို့အပြင် အခွံနွာလိုက်သောအခါ အရောင်ပျက်မသွားခြင်းနှင့် အနာအဆာကွက်များ နည်းပါးခြင်းတို့ကြောင့် လေလွင့်ဆုံးရှုံးမှုကို ၄၀%အထိ ကာကွယ်ပေးနိုင်သောကြောင့် စားသုံးသူများ၏ စိတ်ကျေနပ်မှုကို တိုးပွားစေသည်။ ၂၀၅၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် လူဦးရေ (၉.၆) ဘီလီယံနှင့် ၂၁၀၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် လူဦးရေ (၁၁) ဘီလီယံကို ကျွေးမွေးနိုင်ရေးအတွက် ဆွေးနွေးရာတွင် အဓိက အရေးပါသော အချက်တစ်ချက်မှာ စားနပ်ရိက္ခာ လေလွင့်မှုဖြစ်သဖြင့် ယင်း အရည်အသွေးများက စားနပ်ရိက္ခာဖူလုံမှုအပေါ်တွင် အဓိပ္ပာယ်ပြည့်ဝသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

အာလူးသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် အရေးအပါဆုံး အဓိက အစားအစာတစ်ခုဖြစ်သည်။ ဤသို့အားဖြင့် ရောဂါပိုးမွှားများ၊ ပေါင်းများနှင့် အခြားအဟန့်အတားများကြောင့် အထွက်နှုန်းလျော့ကျမှုကို တိုက်ဖျက်ရန်နှင့် အာလူးကို တိုးတက်ကောင်းမွန်လာစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

အာလူးစိုက်ပျိုးရာတွင် အရေးအကြီးဆုံးရောဂါတစ်ရပ်ဖြစ်သည့် late-blight မှိုရောဂါကို ဇီဝနည်းပညာသုံး၍ ထိန်းချုပ်ခြင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် လက်တွေ့စမ်းသပ်လျှက်ရှိသည်။ Late-blight ရောဂါသည် လူ (၁) သန်းခန့် သေဆုံးစေခဲ့သော ၁၈၄၅ ခုနှစ်၊ အိုင်ယာလန် ငတ်မွတ်ခေါင်းပါးမှုကပ်ဘေးကို ဆိုက်ရောက်စေခဲ့သည်။ ပိုင်းရပ်ရောဂါများနှင့် အဆိုးရွားဆုံးပိုးမွှား

တစ်ခုဖြစ်သည့် Colorado လိပ်ခုံးကျိုင်းကို ထိန်းချုပ်သော ဇီဝနည်းပညာမှာ အဆင်သင့်ရရှိနိုင်ပြီဖြစ်သော်လည်း လက်တွေ့အသုံးမပြုနိုင်သေးပေ။

**အာရှတိုက်ရှိ ဇီဝနည်းပညာသုံးသီးနှံ စိုက်ပျိုးထားရှိမှုအခြေအနေ**

အာရှတိုက်တွင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၂၀၁၄ခုနှစ်အတွင်း၌ ဇီဝနည်းပညာသုံးသီးနှံ ဟက်တာ (၃.၉) သန်းနှင့် (၁၁.၆) သန်း အသီးအသီးစိုက်ပျိုးကာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆက်လက်ဦးဆောင်လျှက်ရှိသည်။

၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် ဇီဝနည်းပညာသုံးဝါသီးနှံ အစားထိုးစိုက်ပျိုးမှုနှုန်းမှာ ၉၀%မှ ၉၃% အထိ တိုးတက်လာခဲ့ပြီး ပိုင်းရပ်စ်ဒဏ်ခံနိုင်သော သဘော်စိုက်ပျိုးရာတွင် ၅၀% ခန့်တိုးတက်လာခဲ့သည်။ နိုင်ငံအတွင်းရှိ တောင်သူငယ် (၇)သန်းကျော်မှာ ဇီဝနည်းပညာသုံးသီးနှံများ၏ အကျိုးကျေးဇူးကို ဆက်လက်ခံစားလျှက်ရှိပြီး နောက်ဆုံးရရှိသော စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ နိုင်ငံအတွင်းရှိ တောင်သူများသည် ဇီဝနည်းပညာသုံးသီးနှံကို စတင်မိတ်ဆက်ခဲ့သည့် ၁၉၉၆ ခုနှစ်မှစ၍ အမေရိကန်ဒေါ်လာ ၁၆.၂ ဘီလီယံအထိ ရရှိခံစားခဲ့ကြပြီးဖြစ်သည်ကို ညွှန်ပြလျှက်ရှိသည်။

အစီရင်ခံစာအရ အိန္ဒိယနိုင်ငံသည် ဘီတီဂါ ဟက်တာ (၁၁.၅) သန်းကို အစားထိုးစိုက်ပျိုးမှုနှုန်း ၉၅%ဖြင့် စံချိန်တင်စိုက်ပျိုးခဲ့သည်။ ဗြိတိသျှ စီးပွားရေးပညာရှင်များဖြစ်သည့် Brooks နှင့် Barfoot တို့က အိန္ဒိယနိုင်ငံသည် ဘီတီဂါ စိုက်ပျိုးမှုဝင်ငွေမှ ၂၀၁၃ခုနှစ် တစ်နှစ်တည်းတွင်ပင် အမေရိကန်ဒေါ်လာ (၂.၁) ဘီလီယံ တိုးတက်ရရှိခဲ့သည်ဟု ခန့်မှန်းခဲ့ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဇီဝနည်းပညာသုံးသီးနှံများကို ၂၀၁၅ ခုနှစ်တွင် စတင်၍ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရန် ခွင့်ပြုပေးခဲ့သည်။ ယင်းတို့အထဲတွင် ဗီယက်နမ်နိုင်ငံ၌ ဇီဝနည်းပညာသုံးပြောင်း စပ်မျိုးများစွာကို တင်သွင်းစိုက်ပျိုးခွင့်များပါဝင်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် စားနပ်ရိက္ခာသီးနှံ တစ်မျိုးဖြစ်သည့် ရေငတ်ဒဏ်ခံနိုင်သော ကြံ စိုက်ပျိုးခွင့်လည်းတို့ပါဝင်သည်။

အာဖရိကနှင့် လက်တင်အမေရိကဒေသတို့တွင် ဆက်လက်၍ တိုးတက်စိုက်ပျိုးလျှက်ရှိခြင်း

တောင်အာဖရိကနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ဟက်တာ (၂.၇)သန်း စိုက်ပျိုးခဲ့သဖြင့် ဇီဝနည်းပညာသုံးသီးနှံများစိုက်ပျိုးရာတွင် အာဖရိကတိုက်တွင် ရှေ့ဆုံးမှ ဦးဆောင်လျှက်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဆူဒန်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ဘီတီဂါစိုက်ပျိုးမှု ၅၀% တိုးတက်လာခဲ့သည်။ ကင်မရွန်း၊ အီဂျစ်၊ ဂါနာ၊ ကင်ညာ၊ မာလာဝီ၊ နိုင်ဂျီးရီးယားနှင့် ယူဂန္ဒာနိုင်ငံများအပါအဝင် အာဖရိကနိုင်ငံ အများအပြားသည် စပါး၊ ဂျုံ၊ ဖူးစားပြောင်း၊ နံစားပြောင်း၊ ငှက်ပျော၊ ပီလောပီနံနှင့်ကန်စွန်းဥအပါအဝင် ဆင်းရဲနွမ်းပါးမှုအထောက်အကူပြုသီးနှံအများအပြားနှင့်ပတ်သက်၍ လက်တွေ့စမ်းသပ်မှုများစွာကို ပြုလုပ်ခဲ့သည်။ ယင်းသီးနှံများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ရေရှည်တည်တံ့အောင်မြင်ဖြစ်ထွန်းမှုကို ဆောင်ကြဉ်းပေးနိုင်သည်။

လက်တင်အမေရိကတွင် ဘရာဇီးနိုင်ငံသည် ၂၀၁၄ ခုနှစ်အတွင်း ဇီဝနည်းပညာသုံးသီးနှံများစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အမေရိကန်၏ နောက်တွင် ဒုတိယနေရာ၌ ရပ်တည်လျှက် ရှိသည်။ ဟက်တာ (၄၂.၂) သန်းစိုက်ပျိုးခဲ့သဖြင့် ၂၀၁၃ ခုနှစ်ထက် ၅% တိုးတက်လာခဲ့သည်။

ဇီဝနည်းပညာသုံးသီးနှံများသည် စားနပ်ရိက္ခာဖူလုံမှု၊ ရေရှည်တည်တံ့ဖြစ်ထွန်းမှုနှင့် ပတ်ဝန်းကျင်ကို အထောက်အကူဖြစ်စေခြင်း

၁၉၉၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဇီဝနည်းပညာသုံးသီးနှံများစိုက်ပျိုးထုတ်လုပ်မှုမှာ တိုးတက်လာခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၃၃) ဘီလီယံခန့်ရှိသည်။ ကမ္ဘာ့အဆင်းရဲဆုံးပြည်သူများအနက်မှ အချို့ဖြစ်သော တောင်သူငယ် (၁၆.၅) သန်းနှင့် မိသားစုဝင် (၆၅)သန်းကျော်အတွက် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရာတွင် အထောက်အကူဖြစ်စေသည်။ ပိုးသတ်ဆေးအသုံးပြုမှုကို လျှော့ချခြင်း၊ စိုက်ပျိုးမြေကို ပိုမိုခြွေတာနိုင်ခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချနိုင်ခြင်းတို့ကြောင့် စားနပ်ရိက္ခာနှင့် အမျှင်ထွက်သီးနှံထုတ်လုပ်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နိုင်မှုကို လျှော့ချနိုင်ခဲ့သည်။

Brooks နှင့် Barfoot တို့၏ အဆိုအရ ၁၉၉၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဇီဝနည်းပညာသုံးသီးနှံများမှ ထုတ်လုပ်သော စားနပ်ရိက္ခာ၊ တိရစ္ဆာန်စာနှင့် အမျှင် တန်ချိန် (၄၄၁) သန်းကို မထုတ်လုပ်ခဲ့ပါက အလားတူ တန်ချိန်ပမာဏကို ထုတ်လုပ်ရန် သမားရိုးကျ သီးနှံ ဟက်တာ (၃၂)သန်းကို ထပ်ဆောင်းစိုက်ပျိုးရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ ဧရိယာ တိုးတက်စိုက်ပျိုးရန် လိုအပ်မှုသည် ဇီဝမျိုးကွဲစုံလင်မှုနှင့် ပတ်ဝန်းကျင်အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများရှိလာနိုင်သည်။

ကိန်းဂဏန်းများ

- အမေရိကန်ပြည်ထောင်စုသည် နှစ်အလိုက် တိုးတက်စိုက်ပျိုးမှုတွင် ဟက်တာ (၃) သန်းနှင့်ညီမျှသော ၄% အထိ တိုးတက်စိုက်ပျိုးခဲ့ပြီး စုစုပေါင်း စိုက်ပျိုးဧရိယာ ဟက်တာ (၇၃.၁)သန်းဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျှက်ရှိသည်။
- ဘရာဇီးနိုင်ငံသည် (၆)နှစ်ဆက်တိုက် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်ထက် ဟက်တာ (၁.၉) သန်း တိုးတက်စိုက်ပျိုးလာခဲ့သည်။
- အာဂျင်တီးနားနိုင်ငံသည် စိုက်ပျိုး ဟက်တာ (၂၄.၃) သန်းဖြင့် တတိယနေရာတွင် ရပ်တည်လျှက်ရှိသည်။
- အိန္ဒိယနှင့် ကနေဒါနိုင်ငံတို့သည် ဟက်တာ (၁၁.၆) သန်းအထိ စိုက်ပျိုးခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဘီတီဂွမ်း အစားထိုးစိုက်ပျိုးမှုနှုန်းတွင် ၉၅% အထိ ရှိခဲ့သည်။ ကနေဒါနိုင်ငံတွင် ပန်းနှမ်းနှင့် ပဲပုပ်စိုက်ပျိုးမှုဧရိယာမှာ သိသိသာသာတိုးတက်လာခဲ့သည်။

နောက်ထပ် သတင်းအချက်အလက်များ (သို့မဟုတ်) အနှစ်ချုပ်ကို ရရှိလိုပါက [www.isaaa.org](http://www.isaaa.org). သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

*ISAAA ဆိုသည်မှာ*

*စိုက်ပျိုးရေးဇီဝနည်းပညာ လက်တွေ့အသုံးချရေးဆိုင်ရာ နိုင်ငံတကာ ဝန်ဆောင်မှုအဖွဲ့ (ISAAA) သည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ အသိပညာမျှဝေခြင်း၊ စိုက်ပျိုးရေး ဇီဝနည်းပညာ လက်တွေ့အသုံးချခြင်း စသည်အားဖြင့် ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရာတွင် ကူညီလုပ်ဆောင်ပေးနေသော နိုင်ငံတကာ ကွန်ရက်တစ်ခုလည်းဖြစ်သည်။ ISAAA ၏ ဂုဏ်ထူးဆောင် အငြိမ်းစားဥက္ကဋ္ဌနှင့် တည်ထောင်သူတစ်ဦးဖြစ်သူ Mr. Clive James သည် အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်ပေါင်း (၃၀) ကြာနေထိုင် လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်ပြီး သီးနှံဇီဝ* နည်းပညာနှင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို အဓိကထားကာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့သည်။